# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် ၂၇ / ၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂၇ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၈ ရက်)

## နိဒါန်း

မကွေးတိုင်းဒေသကြီး၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ မကွေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းအတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး၏ လူမှုစီးပွားရေးတစ်ရပ်လုံး အတွက်ဖြစ်စေ၊ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်း၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာန/ ကဏ္ဍအလိုက်ဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့များအလိုက်ဖြစ်စေ သတ်မှတ်

ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီး၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။ ဒေသန္တရစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း စသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံ ဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း တိုင်းဒေသကြီး၏ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များကို ဆိုသည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ (၁)ရက်နေ့မှ မတ်လ (၃၁)ရက်နေ့အထိ ကာလကို ဆိုသည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ (၆)လ အကောင်အထည် ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ် ခန့်မှန်းထားခြင်းကို ဆိုသည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကို ဆိုသည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီး အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ မကွေးတိုင်းဒေသကြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၃.၅ ရာခိုင် နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၂) သားငါးကဏ္ဍတွင် ၁.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၄.၈ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၁၈.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၃.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၇.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၂.၂ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၀.၈ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၁.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၃.၂ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၄) ကုန်သွယ်ရေးကဏ္ဍတွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဂ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀.၇ ရာခိုင်နှုန်းမှ ၂၀.၅ ရာခိုင်နှုန်းသို့လည်း ကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀.၅ ရာခိုင်နှုန်းမှ ၄၀.၆

ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၈ ရာခိုင်နှုန်းမှ ၃၈.၉ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) မကွေးတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု ကျပ် ၁၁၉,၈၅၂.၄၉၇ သန်းအား ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်၊

(င) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)ကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၂,၁၉၇,၄၉၅ မှ ကျပ် ၂,၃၉၆,၉၂၈ သို့ ဖြစ်ပေါ်လာရန်။

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ(၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သောလုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်၊ ဒေသနှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ်အကျိုး ဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသည့် စီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း အစိုးရအဖွဲ့အဆင့်ဆင့်က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ပြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်၊ ဒေသနှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၂။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ဖြစ်ရမည့်အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ တိုင်းဒေသကြီး၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်း စိစစ်အကဲဖြတ်ပြုထားသည့် ဗျူဟာမြောက် စီမံကိန်းများကို ဒေသန္တရစီမံကိန်းတွင် ထည့်သွင်း ဖော်ပြရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်း

ဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

( ပုံ ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ-၁

**မကွေးတိုင်းဒေသကြီး၏**

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း**

**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**( ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး / ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ( ဒေသန္တရစီမံကိန်း ) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁,၅၃၁,၆၅၅.၅** | **၂၃.၀** | **၉.၄** | **၁,၅၇၂,၄၈၄.၈** | **၂၂.၈** | **၂.၇** |
| | ၁ | လယ်ယာ | ၁,၂၄၃,၅၉၂.၂ | ၁၈.၇ | ၉.၁ | ၁,၂၈၀,၆၃၅.၂ | ၁၈.၆ | ၃.၀ |
| | ၂ | သားငါး | ၂၈၄,၈၆၉.၉ | ၄.၃ | ၁၁.၄ | ၂၈၈,၈၀၈.၉ | ၄.၂ | ၁.၄ |
| | ၃ | သစ်တော | ၃,၁၉၃.၄ | ၀.၀၅ | -၃၁.၃ | ၃,၀၄၀.၇ | ၀.၀၄ | -၄.၈ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၂,၄၆၇,၄၁၆.၇** | **၃၇.၀** | **၁.၄** | **၂,၅၇၁,၃၀၉.၇** | **၃၇.၃** | **၄.၂** |
| | ၁ | စွမ်းအင် | ၁၀၀,၈၁၁.၉ | ၁.၅ | -၁၇.၇ | ၁၁၉,၀၂၉.၃ | ၁.၇ | ၁၈.၁ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇,၆၆၆.၅ | ၀.၁ | -၂.၄ | ၇,၈၈၂.၁ | ၀.၁ | ၂.၈ |
| | ၃ | စက်မှုလက်မှု | ၁,၉၃၉,၄၉၂.၇ | ၂၉.၁ | ၄.၄ | ၂,၀၁၀,၂၁၀.၈ | ၂၉.၁ | ၃.၆ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၄၄,၂၃၇.၀ | ၀.၇ | ၁၀.၁ | ၅၁,၈၀၁.၅ | ၀.၈ | ၁၇.၁ |
| | ၅ | ဆောက်လုပ်မှု | ၃၇၅,၂၀၈.၆ | ၅.၆ | -၇.၂ | ၃၈၂,၃၈၆.၀ | ၅.၆ | ၁.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂,၆၆၄,၁၀၆.၂** | **၄၀.၀** | **၀.၀** | **၂,၇၅၃,၅၁၂.၇** | **၃၉.၉** | **၃.၄** |
| | ၁ | ပို့ဆောင်ရေး | ၃၅၉,၆၈၁.၈ | ၅.၄ | -၂.၄ | ၃၇၀,၀၃၂.၁ | ၅.၄ | ၂.၉ |
| | ၂ | ဆက်သွယ်ရေး | ၂၀၂,၇၂၂.၈ | ၃.၀ | ၁.၆ | ၂၀၇,၂၂၁.၂ | ၃.၀ | ၂.၂ |
| | ၃ | ငွေရေးကြေးရေး | ၁၁,၁၃၃.၁ | ၀.၂ | ၅.၃ | ၉,၉၃၅.၈ | ၀.၁ | -၁၀.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၁၂,၁၈၇.၂ | ၃.၂ | ၀.၉ | ၂၁၅,၂၀၈.၂ | ၃.၁ | ၁.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၈၉,၆၆၃.၉ | ၂.၉ | -၁.၈ | ၁၉၅,၆၈၂.၈ | ၂.၈ | ၃.၂ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၁,၆၈၈,၇၁၇.၄ | ၂၅.၃ | ၀.၄ | ၁,၇၅၅,၄၃၂.၆ | ၂၅.၅ | ၄.၀ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( ဂျီဒီပီ )** | **၆,၆၆၃,၁၇၈.၄** | **၁၀၀.၀** | **၂.၅** | **၆,၈၉၇,၃၀၇.၂** | **၁၀၀.၀** | **၃.၅** |

ပူးတွဲ-၂

## မကွေးတိုင်းဒေသကြီး၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ( ဒေသန္တရစီမံကိန်း ) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၃,၉၉၉,၀၇၂.၂** | **၆၀.၀** | **၄.၃** | **၄,၁၄၃,၇၉၄.၅** | **၆၀.၁** | **၃.၆** |
| | ၁ | လယ်ယာ | ၁,၂၄၃,၅၉၂.၂ | ၁၈.၇ | ၉.၁ | ၁,၂၈၀,၆၃၅.၂ | ၁၈.၆ | ၃.၀ |
| | ၂ | သားငါး | ၂၈၄,၈၆၉.၉ | ၄.၃ | ၁၁.၄ | ၂၈၈,၈၀၈.၉ | ၄.၂ | ၁.၄ |
| | ၃ | သစ်တော | ၃,၁၉၃.၄ | ၀.၀၅ | -၃၁.၃ | ၃,၀၄၀.၇ | ၀.၀၄ | -၄.၈ |
| | ၄ | စွမ်းအင် | ၁၀၀,၈၁၁.၉ | ၁.၅ | -၁၇.၇ | ၁၁၉,၀၂၉.၃ | ၁.၇ | ၁၈.၁ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇,၆၆၆.၅ | ၀.၁ | -၂.၄ | ၇,၈၅၂.၁ | ၀.၁ | ၂.၈ |
| | ၆ | စက်မှုလက်မှု | ၁,၉၃၉,၄၉၂.၇ | ၂၉.၁ | ၄.၄ | ၂,၀၁၀,၂၁၀.၈ | ၂၉.၁ | ၃.၆ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၄၄,၂၃၇.၀ | ၀.၇ | ၁၀.၁ | ၅၁,၈၀၁.၅ | ၀.၈ | ၁၇.၁ |
| | ၈ | ဆောက်လုပ်မှု | ၃၇၅,၂၀၈.၆ | ၅.၆ | -၇.၂ | ၃၈၂,၃၈၆.၀ | ၅.၆ | ၁.၉ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၉၇၅,၃၈၈.၈** | **၁၄.၇** | **-၀.၇** | **၉၉၈,၀၈၀.၁** | **၁၄.၄** | **၂.၃** |
| | ၁ | ပို့ဆောင်ရေး | ၃၅၉,၆၈၁.၈ | ၅.၄ | -၂.၄ | ၃၇၀,၀၃၂.၁ | ၅.၄ | ၂.၉ |
| | ၂ | ဆက်သွယ်ရေး | ၂၀၂,၇၂၂.၈ | ၃.၀ | ၁.၆ | ၂၀၇,၂၂၁.၂ | ၃.၀ | ၂.၂ |
| | ၃ | ငွေရေးကြေးရေး | ၁၁,၁၃၃.၁ | ၀.၂ | ၅.၃ | ၉,၉၃၅.၈ | ၀.၁ | -၁၀.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၁၂,၁၈၇.၂ | ၃.၂ | ၀.၉ | ၂၁၅,၂၀၈.၂ | ၃.၁ | ၁.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၈၉,၆၆၃.၉ | ၂.၉ | -၁.၈ | ၁၉၅,၆၈၂.၈ | ၂.၈ | ၃.၂ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁,၆၈၈,၇၁၇.၄** | **၂၅.၃** | **၀.၄** | **၁,၇၅၅,၄၃၂.၆** | **၂၅.၅** | **၄.၀** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( ဂျီဒီပီ )** | **၆,၆၆၃,၁၇၈.၄** | **၁၀၀.၀** | **၂.၅** | **၆,၈၉၇,၃၀၇.၂** | **၁၀၀.၀** | **၃.၅** |

ပူးတွဲ - ၃

**မကွေးတိုင်းဒေသကြီး၏**

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း**

**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**( နှစ်အလိုက်ဈေးနှုန်းအရ )**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး / ကဏ္ဍ | ( နှစ်ကုန်ခန့်မှန်းခြေ ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ( ဒေသန္တရစီမံကိန်း ) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁,၇၈၁,၉၆၉.၄** | **၂၀.၇** | **၁,၉၃၆,၄၅၃.၄** | **၂၀.၅** | **၈.၇** |
| | ၁ | လယ်ယာ | ၁,၄၀၇,၀၈၉.၀ | ၁၆.၃ | ၁,၅၃၅,၄၆၄.၅ | ၁၆.၃ | ၉.၁ |
| | ၂ | သားငါး | ၃၇၀,၈၆၁.၃ | ၄.၃ | ၃၉၇,၁၀၃.၆ | ၄.၂ | ၇.၁ |
| | ၃ | သစ်တော | ၄,၀၁၉.၁ | ၀.၁ | ၃,၈၈၅.၃ | ၀.၀ | -၃.၃ |
| ၂ | | **စက်မှုကဏ္ဍကြီ** | **၃,၄၈၉,၄၇၁.၁** | **၄၀.၅** | **၃,၈၂၁,၃၂၀.၃** | **၄၀.၆** | **၉.၅** |
| | ၁ | စွမ်းအင် | ၁၂၇,၃၆၂.၁ | ၁.၅ | ၁၅၂,၇၄၀.၁ | ၁.၆ | ၁၉.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉,၇၅၀.၅ | ၀.၁ | ၁၀,၁၁၃.၈ | ၀.၁ | ၃.၇ |
| | ၃ | စက်မှုလက်မှု | ၂,၇၅၈,၆၆၃.၄ | ၃၂.၀ | ၃,၀၁၂,၉၃၄.၅ | ၃၂.၀ | ၉.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၄,၀၄၂.၆ | ၀.၉ | ၈၆,၆၆၈.၇ | ၀.၉ | ၁၇.၁ |
| | ၅ | ဆောက်လုပ်မှု | ၅၁၉,၆၅၂.၅ | ၆.၀ | ၅၅၈,၈၆၃.၂ | ၆.၀ | ၇.၅ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃,၃၅၈,၁၂၀.၉** | **၃၈.၈** | **၃,၆၄၂,၉၇၇.၉** | **၃၈.၉** | **၈.၅** |
| | ၁ | ပို့ဆောင်ရေး | ၄၁၄,၂၆၁.၆ | ၄.၈ | ၄၄၈,၆၂၆.၂ | ၄.၈ | ၈.၃ |
| | ၂ | ဆက်သွယ်ရေး | ၁၇၄,၈၉၄.၉ | ၂.၀ | ၁၇၈,၃၄၉.၀ | ၁.၉ | ၂.၀ |
| | ၃ | ငွေရေးကြေးရေး | ၁၀,၈၃၂.၄ | ၀.၁ | ၉,၆၆၇.၅ | ၀.၁ | -၁၀.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၂၈,၂၈၀.၈ | ၂.၆ | ၂၃၁,၆၃၀.၆ | ၂.၅ | ၁.၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၅၁,၂၁၈.၀ | ၂.၉ | ၂၆၉,၃၆၂.၃ | ၂.၉ | ၇.၂ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၂,၂၇၈,၆၃၃.၂ | ၂၆.၄ | ၂,၅၀၅,၃၄၂.၃ | ၂၆.၇ | ၉.၉ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး( ဂျီဒီပီ )** | **၈,၆၂၉,၅၆၁.၄** | **၁၀၀.၀** | **၉,၄၀၀,၇၅၁.၆** | **၁၀၀.၀** | **၈.၉** |

ပူးတွဲ-၄

**မကွေးတိုင်းဒေသကြီး၏**

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း**

**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**( နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ( နှစ်ကုန်ခန့်မှန်းခြေ ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ( ဒေသန္တရစီမံကိန်း ) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၅,၂၇၁,၄၄၀.၅** | **၆၁.၂** | **၅,၇၅၇,၇၇၃.၇** | **၆၁.၁** | **၉.၂** |
| | ၁ | လယ်ယာ | ၁,၄၀၇,၀၈၉.၀ | ၁၆.၃ | ၁,၅၃၅,၄၆၄.၅ | ၁၆.၃ | ၉.၁ |
| | ၂ | သားငါး | ၃၇၀,၈၆၁.၃ | ၄.၃ | ၃၉၇,၁၀၃.၆ | ၄.၂ | ၇.၁ |
| | ၃ | သစ်တော | ၄,၀၁၉.၁ | ၀.၁ | ၃,၈၈၅.၃ | ၀.၀ | -၃.၃ |
| | ၄ | စွမ်းအင် | ၁၂၇,၃၆၂.၁ | ၁.၅ | ၁၅၂,၇၄၀.၁ | ၁.၆ | ၁၉.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉,၇၅၀.၅ | ၀.၁ | ၁၀,၁၁၃.၈ | ၀.၁ | ၃.၇ |
| | ၆ | စက်မှုလက်မှု | ၂,၇၅၈,၆၆၃.၄ | ၃၂.၀ | ၃,၀၁၂,၉၃၄.၅ | ၃၂.၀ | ၉.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၇၄,၀၄၂.၆ | ၀.၉ | ၈၆,၆၆၈.၇ | ၀.၉ | ၁၇.၁ |
| | ၈ | ဆောက်လုပ်မှု | ၅၁၉,၆၅၂.၅ | ၆.၀ | ၅၅၈,၈၆၃.၂ | ၆.၀ | ၇.၅ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁,၀၇၉,၄၈၇.၇** | **၁၂.၄** | **၁,၁၃၇,၆၃၅.၆** | **၁၂.၂** | **၅.၄** |
| | ၁ | ပို့ဆောင်ရေး | ၄၁၄,၂၆၁.၆ | ၄.၈ | ၄၄၈,၆၂၆.၂ | ၄.၈ | ၈.၃ |
| | ၂ | ဆက်သွယ်ရေး | ၁၇၄,၈၉၄.၉ | ၂.၀ | ၁၇၈,၃၄၉.၀ | ၁.၉ | ၂.၀ |
| | ၃ | ငွေရေးကြေးရေး | ၁၀,၈၃၂.၄ | ၀.၁ | ၉,၆၆၇.၅ | ၀.၁ | -၁၀.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၂၈,၂၈၀.၈ | ၂.၆ | ၂၃၁,၆၃၀.၆ | ၂.၅ | ၁.၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၅၁,၂၁၈.၀ | ၂.၉ | ၂၆၉,၃၆၂.၃ | ၂.၉ | ၇.၂ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၂,၂၇၈,၆၃၃.၂** | **၂၆.၄** | **၂,၅၀၅,၃၄၂.၃** | **၂၆.၇** | **၉.၉** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး( ဂျီဒီပီ )** | **၈,၆၂၉,၅၆၁.၄** | **၁၀၀.၀** | **၉,၄၀၀,၇၅၁.၆** | **၁၀၀.၀** | **၈.၉** |